ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့၊ (14-2-2012)(၇၀၃၅)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား လက်ခံတွေ့ဆုံ

နေပြည်တော်   ဖေဖော်ဝါရီ   ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Dirk Niebel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး Mr. Andris Piebalgs ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဝန်ကြီး H.E. Mr. Dirk Niebel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ မဟာမင်းကြီး Mr. Andris Piebalgs ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian Ludwig Weber Lortsch လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Dirk Niebel နှင့် ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး Mr. Andris Piebalgs တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Dirk Niebel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး Mr. Andris Piebalgs ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၁၄-၂-၂၀၁၂ [အင်္ဂါနေ့]။

ရေစင်ရေအေးဖြင့် ငြိမ်းသတ်ရမည့်မီး

သဘာဝမီးဘေးအန္တရာယ် မကြုံတွေ့ရလေအောင် ကြိုတင်တားဆီးကာကွယ်နေရမည်မှာ အားလုံး၏တာဝန်ဖြစ်သည်။ မီးဟူသည် လောင်မြိုက်ပြီဆိုသည်နှင့်တစ်ပြိုင်နက် အတိုင်းအဆမရှိ ပျက်စီးဆုံးရှုံးနိုင်သော ရန်သူမျိုးငါးပါးအနက်မှ တစ်မျိုးဖြစ်သည်။ မီးလောင်သည်နှင့်တစ်ပြိုင်နက် ဝိုင်းဝန်းစုပေါင်းငြိမ်းသတ်နိုင်သည်ချည်းဖြစ်၏။ သို့သော် မီးကိုမငြိမ်းသတ်နိုင်မီအထိ လောင်ကျွမ်းခဲ့သမျှမှာ ဆုံးရှုံးမှုများလှသည်။

သဘာဝမီးဘေးအန္တရာယ်ကို လူတိုင်းက စိုးရွံ့ကြောက်လန့်နေကြ၏။ သဘာဝမီးဘေးအန္တရာယ်နည်းတူ လောင်ကျွမ်းပျက်စီးဆုံးရှုံးစေတတ်သော အရာမှာ မီးဘေးထက်ပင် ပို၍ကြောက်လန့်စိုးရွံ့စရာကောင်းလှသည်။ ထိုမီးတို့သည် လောဘမီး၊ ဒေါသမီးတို့ဖြစ်သည်။

လောဘမီးနှင့် ဒေါသမီးတို့သည် သဘာဝမီးကဲ့သို့ပင် ပူလောင်လွန်းလှ၏။ လောင်ကျွမ်းစေနိုင်၏။ သဘာဝမီးဘေးအန္တရာယ်ကဲ့သို့ပင် ပျက်စီးဆုံးရှုံးစေနိုင်၏။ သဘာဝမီးဘေးအန္တရာယ်ဟူသည် စည်းစိမ်ဥစ္စာစီးပွား၊ အဆောက်အအုံ၊ ပရိဘောဂများကိုသာ လောင်ကျွမ်းပျက်စီးစေသည်။ လောဘမီး၊ ဒေါသမီးတို့သည် သဘာဝမီးဘေးအန္တရာယ်ထက် ဆိုးရွားလှသည်။ ဘဝတစ်ခုလုံး လူညွန့်တုံးပြီး အသက်ဆုံးရှုံးရသည်အထိ လောင်ကျွမ်းစေနိုင်၏။ လောဘမီး၊ ဒေါသမီးတို့သည်ကား သဘာဝမီးထက် ပို၍အန္တရာယ်ကြီးမားလှ၏။ ထို့ကြောင့်ပင် ပို၍ကြောက်မက်ဖွယ်ရာကောင်းလှသည်ဟု ဆိုရမည်။

အမှန်အမှားကို မခွဲခြား မဆင်ခြင်နိုင်သော မောဟ၊ သူတစ်ပါး၏အကျိုးစီးပွားကို ပျက်စီးစေလိုသော ဗျာပါဒတို့ စိုးမိုးလာသည်နှင့်အမျှ မိမိကိုယ်ကိုပူလောင်လာမှု အပူရှိန်က မြင့်တက်လာ၏။ မိမိပျိုးလိုက်သော လောဘမီး၊ ဒေါသမီးတို့ကို အကြောင်းခံလျက် မိမိကိုယ်ကို ပြန်လည်လောင်ကျွမ်းလာသောအကျိုးဆက်ကို ခံစားလာရခြင်းဖြစ်သည်။ စွဲငြိနေပြီဖြစ်သော လောဘမီးနှင့် ဒေါသမီးတို့ကို တဟုန်းဟုန်းတောက်လောင်မလာမီ ငြိမ်းသတ်နိုင်ရပေမည်။

ရောင့်ရဲတင်းတိမ်နိုင်ခြင်းမရှိသော လောဘနှင့် သည်းခံခွင့်လွှတ်နိုင်ခြင်းမရှိသော ဒေါသတို့ကို မထိန်းချုပ်၊ မချိုးနှိမ်နိုင်သောကြောင့် ဘဝအညွန့်တုံးရသည့်အပြင် အသက်ဆုံးရှုံးပျက်စီးသွားရသည်များရှိသည်။ သင်ခန်းစာယူရမည့် သာဓကများကို တွေ့မြင်ကြားသိနိုင်ပါသည်။ ရလိုမှုလောဘနောက်သို့ လိုက်နေရင်းက တရားဥပဒေကို ချိုးဖောက်လာသည်။ ဒေါသနောက်သို့ လိုက်ပါလာရင်းက ရာဇဝတ်မှုများကို ကျူးလွန်လာ၏။

တရားဥပဒေချိုးဖောက်ခြင်း၊ ရာဇဝတ်မှုများကျူးလွန်ခြင်းတို့ကြောင့် ထိုက်တန်သောအပြစ်ဒဏ်ကို မလွဲမသွေခံစားကြရမည်ဖြစ်သည်။ ချိုးဖောက်ကျူးလွန်သည်နှင့်ညီမျှသော အပြစ်ဒဏ်က အသင့်ရှိနေပြီးဖြစ်သည်။ အပြစ်ဒဏ်ကျခံရခြင်းသည် ရှက်စရာကောင်းလှသည်။ ကြောက်စရာကောင်းလှသည်။ ကျရောက်လာမည့်အပြစ်ဒဏ်ကို တွေးမြင်ပြီး ရှက်တတ်ရမည်။ ကြောက်တတ်ရမည်။ ထိုသို့ ရှက်တတ်၊ ကြောက်တတ်ခြင်းဖြင့် တရားဥပဒေကို ချိုးဖောက်ရန် ဝန်လေးလာမည်။ ရာဇဝတ်မှုကျူးလွန်ခြင်းများကို ရှောင်ရှားနိုင်မည်ဖြစ်ပေသည်။

လောဘကြီးစိုးလာလျှင် ရှက်ရွံ့ခြင်းကင်းမဲ့လာသည်။ ဒေါသကြီးစိုးလာလျှင် ကြောက်လန့်ခြင်း ကင်းမဲ့လာသည်။ လောကကို စောင့်ရှောက်လျက်ရှိသော အရှက်နှင့်အကြောက်ဟူသည့် ဟီရိဩတ္တပ္ပလောကပါလတရားများ ကွယ်ပျောက်နေပုံကို မြင်တွေ့နေရပြီ။ လောကပါလတရားကို ကွယ်ပျောက်သွားအောင် ဖျက်ဆီးနိုင်သည့်သူကား လောဘမီးနှင့် ဒေါသမီးတို့ပင်ဖြစ်ပေသည်။

ထို့ကြောင့်လောဘမီးကို ငြိမ်းသတ်နိုင်ရမည်။ ဒေါသမီးကို ငြိမ်းသတ်နိုင်ရမည်။ ငြိမ်းသတ်နိုင်ရန်အတွက် အရှက် အကြောက်တရားကို ဆင်ခြင်အောက်မေ့နေရမည်။ လောဘမီး၏ လိုချင်တပ်မက်မှု မီးညွန့် မီးစွယ်ကို ရောင့်ရဲတင်းတိမ်ခြင်းဟူသော ရေစင်ရေအေးဖြင့် ဖျန်းပက်ငြိမ်းသတ်ကြရမည်။ ဒေါသမီး၏ အမျက်ကြီးမှုမီးညွန့်မီးစွယ်ကို သည်းခံခွင့်လွှတ်ခြင်းဟူသော ရေစင်ရေအေးဖြင့် ဖျန်းပက်ငြိမ်းသတ်ကြရမည်ဖြစ်ပေသည်။ ။

အခြေခံပညာမူလတန်းကျောင်း တဲဝိုင်းကြီး(ကံမြင့်)သုံးခွမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၏ ကျောင်းဘက်စုံဖွံ့ဖြိုးရေး အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ၊ ပညာတန်ဆောင်ကျောင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ဆုရရှိသူ ကျောင်းသား မောင်ထက်ဝေယံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနိုင် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Dirk Niebel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Dirk Niebel အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့ လက်ခံတွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပကတိဖြစ်ပေါ်တိုးတက်မှု၊ နိုင်ငံရေးပြောင်းလဲတိုးတက်မှုနှင့်အတူ စီးပွားရေး ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုပါ တစ်ထပ်တည်း ဒွန်တွဲပါလာရေးအတွက် လိုအပ်မှုတို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားပြီး မြန်မာ-ဂျာမနီနှစ်နိုင်ငံအပြင် ဥရောပသမဂ္ဂ (EU) နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်တည်ဆောက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့်စက်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် ဂျာမနီနိုင်ငံက အားပေးကူညီဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ထိုသို့ အားပေးကူညီဆောင်ရွက်ရာတွင် လွှတ်တော်က ဆောင်ရွက်ဖွယ်ရှိသည်များကို ဆောင်ရွက်ဖော်ဆောင်ပေးနိုင်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံအမတ်ကြီး H. E. Mr. Christian Ludwig Weber Lortsch နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံမှုအပြီးတွင် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမအတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဒသမနေ့ ဆင်ယင်ကျင်းပနေမှုကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၀၇၀	၀. ၀၃၂၄၆
တရုတ် (ယွမ်)	၆. ၂၉၇၇၀	၀. ၁၅၈၇၉
အိန္ဒိယ (ရူပီး)	၄၉. ၁၉၆၂	၀. ၀၂၀၃၃
မလေးရှား (ရင်းဂစ်)	၃. ၀၂၄၅၀	၀. ၃၃၀၆၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၄၅၄	၀. ၇၉၇၁၀
ဂျပန် (ယန်း)	၇၇. ၅၉၃၁	၀. ၀၁၂၈၉
တောင်ကိုရီးယား(ဝမ်)	၁၁၂၁. ၂၉	၀. ၀၀၀၈၉
ယူရို	၀. ၇၅၄၇၈	၁. ၃၂၄၈၉
ဗြိတိသျှ (ပေါင်)	၀. ၆၃၂၇၇	၁. ၅၈၀၃၄

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၂-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ တရားတော်
၇း၂၅ ၂။ မြန်မာ့ရှုခင်း
၇း၅၀ ၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၂၅ ၁။ အင်္ဂလိပ်စာသုတ
၄း၅၅ ၂။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ဇီဝဗေဒ)
၅း၃၀ ၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၈၀)**
၇း၀၀ ၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၅၁)**
၅။ ဟာသရုပ်စုံ
၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁၆)**
၇။ Mini Series

ပုဇွန်တောင်မြို့နယ် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပုဇွန်တောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့ဗိမာန်စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက် ခင်အောင်)နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်ဆွေ(ရွှေစွန်ညို)တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အတွင်းရေးမှူး ဦးသန်းထွန်း(သီဟရောဝတီ)နှင့် တွဲဖက်အတွင်းရေးမှူး ဦးဆန်းမြင့် (ရေကျော် စိုးအောင်)တို့က နှစ်ပတ်လည်နှင့် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြ အတည်ပြုကာ အဖွဲ့ရန်ပုံငွေလှူဒါန်းပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

(၂၃)

ဝက်လက်မြို့၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ

ဝက်လက် ဖေဖော်ဝါရီ ၁၃

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ပတ္တမြားရောင်စာကြည့်တိုက် စတုတ္ထအကြိမ်မြောက် စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်က အဆိုပါကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က အမှာစကား ပြောကြားပြီး အလှူရှင်များက စာအုပ်များလှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံရယူသည်။ ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပ

ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်း၊ ဥပဒေကြမ်း (၁)ခုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အဆိုအသစ် (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၆၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အဆိုအသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဥပဒေကြမ်းများ ဆက်လက် ဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများတွင် ပါဝင်သည့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၊ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးငွေးရယ်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ အေးမောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးဌေးနိုင်နှင့် ဗိုလ်မှူးကြီးတင့်ဆန်း၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ)ခင်မောင်ရည်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဒသမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဥပဒေကြမ်း ရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (က)အရ နိုင်ငံတော်သမ္မတက မိမိ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ရှင်းလင်းတင်ပြသည်။

ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ဖေဖော်ဝါရီ ၁၄ ရက် ညနေ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အမျိုးသားပို့ဆောင်ရေးကွန်ရက်မူဝါဒ (National Transport Network Policy) ချမှတ်ရေးဆွဲဆောင်ရွက်ရန်၊ စီမံကိန်းအသစ်များကို စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိ၊ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးကျေးဇူး ရှိ/မရှိ ရည်မှန်းချက်များ ပြည့်မီနိုင်ခြင်း ရှိ/မရှိ အသေးစိတ်စစ်ဆေးပြီးမှသာ ရေးဆွဲဆောင်ရွက်ရန်နှင့် စီမံကိန်းများအလိုက် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ခွင့်ပြုသည့် တန်ဖိုးငွေများကို သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ ချပြအသိပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လှိုင်သာယာ-ဆိပ်ကြီးလမ်းပေါ်ရှိ ဆိပ်ကြီးခနောင်တို ကြိုးတံတား ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်မည့် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် လှိုင်သာယာ-ဆိပ်ကြီးလမ်းပေါ်ရှိ ဆိပ်ကြီးခနောင်တို ကြိုးတံတား ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ခနောင်တိုဘက်ကမ်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မင်္ဂလာစည်တော် အကအဖွဲ့၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးတို့က အမှတ်(၂)၊ (၃)နှင့် (၄) ပန္နက်တော်တင် မင်္ဂလာနေရာ၌ ပန္နက်တော်တင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က အမှတ်(၁) ပန္နက်တော်တင်မင်္ဂလာနေရာ၌ Stand Pipe ကို Vibro Hammer ဖြင့် စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ဆိပ်ကြီးခနောင်တို ကြိုးတံတား ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနား၌ Stand Pipe အား Vibro Hammer ဖြင့် စက်ခလုတ်နှိပ် ရိုက်သွင်းပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဆိပ်ကြီးခနောင်တိုကြိုးတံတား ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက တံတားကြိုးထိန်းခုံအတွက် ဘိုးပိုင်တူးရာတွင် သတ်မှတ်အနက်ရရှိအောင် တူးရန်နှင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်၊ ချဉ်းကပ်တံတားကိုလည်း နှစ်လမ်းမောင်းဆောင်ရွက်ပေးရန်၊ ရေကြောင်းသွားလာသည့် ရေယာဉ်များ လွတ်ကင်းစွာ သွားလာနိုင်ရန်အတွက် သတ်မှတ်အမြင့်အတိုင်း ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆိပ်ကြီးခနောင်တိုကြိုးတံတားသည် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် လှိုင်သာယာ-ဆိပ်ကြီးလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၁၆၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ ယာဉ်တစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ရေလမ်းကင်းလွတ်အကျယ် ၄၂၂ ပေနှင့် အမြင့်ပေ ၄၀ ရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၃၆ တန်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့ FMI Co., Ltd. ၏ Star City အိမ်ရာ Sales Gallery သို့ ရောက်ရှိရာ အစည်းအဝေးခန်းမဆောင်၌ FMI Co., Ltd. မှ Sale Director ဦးစိုးသီဟလှိုင်က ပန်းလှိုင်(သန်လျင်) ဂေါက်ကွင်းနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး FMI Co., Ltd. ဥက္ကဋ္ဌ ဦးသိမ်းဝေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် FMI Co., Ltd. ၏ Sale Gallery တွင် အခန်းဖွဲ့စည်းထားရှိသည့် နမူနာပုံစံတို့ကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မဗျူဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှု(အခြေခံအဆင့်) နည်းပြသင်တန်း ဓမ္မဒါနဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နွေရာသီ ကျောင်းပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ် မြို့ပေါ်နှင့် ရပ်ကွက်အသီးသီး၌ ပထမတန်းမှ ပဉ္စမတန်းအထိ သားငယ်၊ သမီးငယ်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ စနစ်တကျ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု (အခြေခံအဆင့်) နည်းပြသင်တန်းကို ဓမ္မဗျူဟာ သာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း အမှတ်(၆) ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် (ရေခဲဆိုင်မှတ်တိုင်အနီး) ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် ဓမ္မဒါနဖွင့်လှစ်ပေးမည် ဖြစ်သည်။

၎င်းသင်တန်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာများနှင့် သင်ကြားနည်းစနစ်များကို သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ) က ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ်လ ၂၊ ၃၊ ၄ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖြစ်သည်။

အထက်တန်းအဆင့် ယဉ်ကျေးမှုသင်တန်း ၁၆ ရက် တက်ရောက်ပြီး၍ နည်းပြအဖြစ် ဓမ္မဒါနပြု ပြန်လည်သင်ကြားပေးလိုသူများသာ တက်ရောက်နိုင်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ဓမ္မဗျူဟာ သာသနမာမကအဖွဲ့သို့ ဖေဖော်ဝါရီ ၂၀ ရက် ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လွတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် အခြေအနေများနှင့် နိုင်ငံရေးပါတီများ လွတ်လပ်စွာမဲဆွယ်စည်းရုံးနိုင်ခွင့်တို့အတွက် ဆောင်ရွက်ပေးထားမှုတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ် ဘီးယား ဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၂-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၂၅ ၁။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၂။ နံနက်ခင်းသတင်း
၉း၀၀ ၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၃၀ ၂။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၅း၁၅ ၃။ "ရင်သွေးငယ်များကျန်းမာဖို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့"
၅း၃၅ ၄။ ရောင်စုံရေးသီတေးပန်းချီ (ခင်မောင်ထူး)
၆း၁၅ ၅။ မိုးလေဝသအခြေအနေ
၆း၂၀ ၆။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ ပြေတီဦး)
၆း၄၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၄)
၇း၄၀ ၈။ "ဧရာဝတီအတွက် နောက်ထပ် တံတားတစ်စင်း" (အပိုင်း-၃)
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၂၅)
၁၂။ အိန္ဒိယရုပ်ရှင် "နောင်ဘဝတိုင်" (အပိုင်း-၂)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် လက်ထောက်အတွင်းရေးမှူးချုပ်တို့ လာရောက်တွေ့ဆုံ

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဌေးအား ကုလသမဂ္ဂ အတွင်းရေး မှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဌာနချုပ် အာရှနှင့် ပစိဖိတ်ဒေသဗျူရိုမှ လက်ထောက် စီမံခန့်ခွဲရေးမှူး၊ ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Ajay Chhibber တို့သည် ယနေ့ညနေ ၄ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ဖြစ်ပေါ်နေမှု အခြေအနေများ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှု အခြေအနေများ၊ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ ကမ္ဘာ့တိုက်ကြီးများမှ

မြောက်ဘက်စူးစူးသို့ရွေ့လျားကာ မြောက်ဝင်ရိုးစွန်းဒေသ၌ ဆုံတွေ့၍ အမေးရှားအမည်ရှိ မဟာတိုက်ကြီးတစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။

အမေရိကနှင့် အာရှတိုက်ကြီးများ ရွေ့လျားမှုကြောင့် အာတိတ်သမုဒ္ဒရာနှင့် ကာရစ်ဘီယံပင်လယ်တို့မှာ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားနိုင်ကြောင်း သုတေသနစာတမ်း၌ ဖော်ပြထားသည်။

ဖြစ်ပေါ်လာဖွယ်ရှိသည့် အမေးရှားမဟာတိုက်ကြီးတွင် အာဖရိကတိုက်နှင့် ဩစတြေးလျတိုက်တို့လည်း ပေါင်းဆုံပါဝင်လာမည်ဖြစ်ကြောင်း ယေးလ်တက္ကသိုလ်မှ ဘူမိဗေဒပညာရှင်များက ခန့်မှန်းထားသည်။

သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ ကမ္ဘာ့မြေလွှာကြီးများ လှုပ်ရှားမှုဖြစ်စဉ်ကြောင့် ကုန်းမြေထုများမှာလည်း စဉ်ဆက်မပြတ်ရွေ့လျားလျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့မြေလွှာလှုပ်ရှားမှု ဖြစ်စဉ်များကြောင့် တိုက်ကြီးများရွေ့လျားမှုဖြစ်ပေါ်ကာ နျူနာအမည်ရှိ မဟာတိုက်ကြီးတစ်ခုလွန်ခဲ့သော နှစ်ပေါင်း ၁ ဒသမ ၈ ဘီလီယံခန့်က ပေါ်ပေါက်ခဲ့ဖူးကြောင်း ဘူမိဗေဒပညာရှင်များက ယုံကြည်ထားကြသည်။

ယင်းအပြင် လွန်ခဲ့သောနှစ်ပေါင်း ၁ ဘီလီယံခန့်က ရိုးဒီးနီးယားအမည်ရှိ မဟာတိုက်ကြီးတစ်ခုသည်လည်းကောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၃၀၀ ခန့်ကလည်း ပန်ဂျီယာအမည်ရှိ မဟာတိုက်ကြီးသည်လည်းကောင်း ပေါ်ထွန်းခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များက တွေးဆထားကြသည်။

အင်တာနက်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံအပေါ် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်တို့ကို ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ် (South Asia Regional Department SARD) မှ Director General Mr. Kunio Senga နှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းတိုးတက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံအပေါ် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြသည်။**(ဓာတ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းပို့ချ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ကော်မရှင်ဆိုင်ရာလုပ်ငန်း လမ်းညွှန်သင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက်က စက်မှုဇုန်ကနောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းအောင်က ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲစာရင်းပြုစုခြင်း၊ ဆန္ဒမဲပေးခြင်း၊ ကြိုတင်ဆန္ဒမဲကိစ္စများ အပါအဝင် ကော်မရှင်ဆိုင်ရာသင်တန်းများကို ပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဥပဒေအရာရှိ ဒေါ်မြင့်မြင့်အေးက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဥပဒေပုဒ်မအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တိကျစွာ ဆောင်ရွက်ရန် မှာကြားသည်။ (၅၁၂)

❍ မန်ယူအသင်းမှ

သေးကြောင်း၊ ၎င်းသည် ယခုအချိန်အထိ အောင်မြင်မှုကို ရယူရန် ဆန္ဒပြင်းပြနေသေးကြောင်း၊ လေ့ကျင့်ရေးကွင်းမှာရော ပြိုင်ပွဲများတွင်ပါ ၎င်း၏စိတ်ဓာတ်နှင့် ကစားဟန်မှာ အခြားကစားသမားများ စံနမူနာထားအတုယူဖွယ်ရာဖြစ်ကြောင်း၊ ၎င်းနှင့် ယခုကဲ့သို့ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။

အင်တာနက်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E.Mr. Chu Cong Phung သည် ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** နှစ်နိုင်ငံလယ်ယာစိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများနှင့် ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)



နှစ်နိုင်ငံလွှတ်တော်များအကြား တိုးချဲ့ဆက်ဆံရေး၊ ဥပဒေပြုရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ဘယ်လ်ဂျီယံနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် H.E. Mr. Dirk Achten ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် လွှတ်တော်အဆောက်အအုံ ကော်မတီဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလွှတ်တော်များအကြား တိုးချဲ့ဆက်ဆံရေး၊ ဥပဒေပြုရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွန်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြသိန်းနှင့် ဦးစိုင်းကျော်တို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကောင်းမှု

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ပထမအကြိမ်အဖြစ် ဒေသအာဏာပိုင်(သို့မဟုတ်) ဒေသတာဝန်ရှိသူများ ဦးဆောင်ကာ လွိုင်လင်ခရိုင် ပင်လုံမြေ၌ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ၇-၂-၂၀၁၂ (၁၃၇၃ ခုနှစ် တပို့တွဲလပြည့်)နေ့ဝယ် စည်းလုံးညီညွတ်စွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

အမှန်တော့ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြေသည် ပြည်ထောင်စုကြီး စတင်ပေါ်ထွန်းရာ ပြည်ထောင်စုမြေဖြစ်ခဲ့ပါ၏။ယင်းပြည်ထောင်စုမြေအတွင်း တိုင်းရင်းညီနောင်များအတွက် ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသောအားဖြင့် ပင်လုံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့ကိုတည်ဆောက်ပေးခြင်း၊ ကျန်းမာရေးလိုအပ်ချက် ဖြည့်ဆည်းပေးသောအားဖြင့် ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး တည်ဆောက်ပေးခြင်း၊ လမ်းများ၊ တံတားများ အဆင့်မြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ခြင်း၊ ဝမ်ပုံဆည်နှင့် လင်းခေးမြစ်ရေတင်စီမံကိန်းများ လျင်မြန်စွာ အကောင်အထည်ဖော်တည်ဆောက်ပေးခြင်းတို့ကြောင့် ပြည်ထောင်စုမြေတစ်ခွင် လွိုင်လင်ခရိုင်၊ လင်းခေးခရိုင် ခရိုင်သားတို့ လူမှုစီးပွားအင်အားတွေ တိုးလာရခြင်းနှင့်အတူ ဤပြည်ထောင်စုနယ်မြေ၌ ပြည်ထောင်စုသားအားလုံး စည်းလုံးညီညွတ်သည့် သာမဂ္ဂီအင်အား အစဉ်တိုးပွားရေး နိမိတ်ကောင်းဆောင်ပေးလျက်ရှိသော "မဟာရဋ္ဌ-ပြည်ထောင်စုကြီး+အဘိသာမဂ္ဂီ=အထူးစည်းလုံးညီညွတ်မှု" ဘွဲ့တော်နာမ အနွတ္ထအမည် စေတီတော်ကြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားအဖြစ် ၁၃၆၇ ခုနှစ် တပို့တွဲလပြည့်နေ့တွင် စတင်ခဲ့သည်မှ နှစ်စဉ် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့ကြသလို ယနေ့ကာလ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်မှာလည်း အစဉ်အလာမပျက် ကျင်းပနိုင်ရန် သာသနာဘက်၊ တပ်ဘက်၊ နယ်ဘက်၊ အရပ်ဘက် တက်တက်ကြွကြွ စည်းစည်းလုံးလုံးဖြင့် အပြုံးချင်းပြိုင် ဆောင်ရွက်နိုင်ကြပါပြီ။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် လွိုင်လင်ဓာတ်တော်ဆရာတော်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဤစာစုအရှင်၊ ပြည်နယ်ဩဝါဒါစရိယ လွိုင်လင်မြို့လယ်ဆရာတော်၊ လွိုင်လင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပင်လုံဝေဠုဝန်ကျောင်းဆရာတော် စသည့် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ တပ်နယ်မှူး၊ ဦးစီးတပ်နယ်စေတနာရှင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး အမှူးပြုနယ်ဘက်ဌာနဆိုင်ရာ စေတနာရှင်များ၊ ဂေါပကအဖွဲ့အမှူးပြု အရပ်ဘက်စေတနာရှင်များ၏ ဒါန၊ ဒေသခံတို့၏ ဝေယျာဝစ္စ ယင်းသို့သော ပေါင်းစည်းအားတို့ကြောင့် မြင့်မားလွမ်းခြုံ ကောင်းမှုအဟုန် သင်းထုံပျံ့မွှေးနေလေပြီ။

၇-၂-၂၀၁၂ နံနက် ၉ နာရီတွင် လွိုင်လင်၊ ပင်လုံတို့မှ ပင့်သံဃာတော် ၁၀၈ ပါးတို့က ပင်လုံမြို့နယ်ခွဲ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင် ပဏ္ဍာမပြုတော်မူကြ၍ ဒေသအကြီးအကဲများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားများ၊ စေတနာရှင်များက ဒါန၊ သီလ၊ ဘာဝနာကောင်းမှုကံအဖြာဖြာ ကောင်းစွာဆည်းပူးကြလျက် သံဃာတော် ၁၀၈ ပါးတို့အား နေ့ဆွမ်းဆက်ကပ်ကြကာ စုပေါင်းညီညာစွာဖြင့် စေတီတော်ရင်ပြင် လက်ယာရစ် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူကြပြီး ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံ ကောင်းမှုသံ နဘံရိုက်ဟည်းနေလေပြီ။

ကောင်းမှုသည် ကောင်းကျိုးကိုသာ မုချပွားတိုးစေရကား ပြည်ထောင်စုမြေမဟီ ပြည်ထောင်စုစေတီ ပြည်ထောင်စုကောင်းမှုပါရမီတို့ကြောင့် သာမဂ္ဂီ-စည်းလုံးခြင်း၊ ရာသက်တည်-ငြိမ်းချမ်းခြင်း၊ ဖြာလက်စည်-ဖွံ့ဖြိုးခြင်း မယွင်းဖြစ်ထွန်းကောင်းမော်ကွန်း သစ်ရှန်းလာလျက်ရှိပါသတည်း။ ။

ရတနာစည်ဆရာတော်(လွိုင်လင်)

လောင်းကစားများ ကင်းစင်ပပျောက်စေရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရာ၌ အဓိကအဟန့်အတားဖြစ်စေသော လောင်းကစားခြင်းများကင်းစင်ပပျောက်စေရေးကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် နှစ်လုံးထီ ၁၄၅ မှု၊ သုံးလုံးထီ(ချဲထီ) ၉၅ မှု၊ ဂျင် ၂ မှု၊ ဖဲလောင်းကစားမှု ၂၉ မှု၊ အခြားလောင်းကစားမှု ၇၇ မှုတို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။ လောင်းကစားမှုပေါင်း ၃၄၈ မှုတွင် တရားခံ ၆၃၉ ယောက် ဖမ်းဆီးရမိပြီး တရားခံများနှင့်အတူ လောင်းကြေးငွေ ၂၉၀၀၈၁၀၅ ကျပ်၊ လက်ကိုင်ဖုန်းအလုံး ၃၀၊ ဆိုင်ကယ် ၉၇ စီး၊ စက်ဘီး ၄၈ စီး၊ တရုတ်ငွေ ၃၃ ယွမ်၊ ထိုင်းငွေဘတ် ၁၂၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

တရားဥပဒေအရ အရေးယူသည့်ကာလ စတင်ချိန် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလကုန်အထိ နှစ်လုံးထီ ၁၄၂၅မှု၊ သုံးလုံးထီ(ချဲထီ)၄၆၈ မှု၊ ဂျင် ၁၁ မှု၊ ဖဲလောင်းကစားမှု ၁၉၀၊ အခြားလောင်းကစားမှု ၂၉၄ မှုတို့အား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။ (သတင်းစဉ်)

အမြို့မြို့ အနယ်နယ်တွင် ပြည်ထောင်စုနေ့သဝဏ်လွှာ ဖတ်ကြားပွဲများ ကျင်းပ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မြဝတီမြို့နယ် မြစနှီးပန်းခြံ၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင် ဖတ်ကြားစဉ်။

(၅၇၀)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံဝင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးမောင် ဖတ်ကြားစဉ်။ (၃၆၄)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး ဖတ်ကြားစဉ်။ (၆၈၄)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပန်းတနော်မြို့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦး ဖတ်ကြားစဉ်။

(ကြေးမုံ)

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ခိုင်မြဲစေဖို့ သာသနာရေးသက်သက်ကိုသာ ဆောင်ရွက်ကြပါစို့

ထေရဝါဒဗုဒ္ဓဘာသာသည် အစွန်းနှစ်ဖက်လွတ်သော မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဖြစ်ပြီး ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးကို ဦးထိပ်ထား၍ မေတ္တာတရားကို အခြေခံကာ သတ္တဝါအပေါင်းတို့အား ဒုက္ခမှ လွတ်မြောက်ကြောင်း ညွှန်ပြပေးသော၊ အမွန်မြတ်ဆုံးသော ဗုဒ္ဓတရားတော်များဖြင့် ထုံမွမ်းထားသော ဘာသာဖြစ်ပါသည်။

ဘုရားအလောင်း သုမေဓာရှင်ရသေ့သည် သတ္တဝါတို့အား မဟာကရုဏာတော်ရှေ့ထား၍ ကယ်တင်လိုသောကြောင့် တစ်ဘဝတည်းဖြင့် လေးမင်္ဂလေးဖိုလ်ရနိုင်သည့် ပါရမီအရည်အသွေးများရှိသော်လည်း မိမိဘဝတစ်ခုတည်းအတွက် မငဲ့ကွက်ဘဲ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ဘုရားဖြစ်ရန် အဓိဋ္ဌာန်ပြုသည်။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဒုက္ခများစွာ ခံစားကျင့်ကြံအားထုတ်ပြီးသည့်အခါမှ သစ္စာလေးပါးတရားကို သိမြင်တော်မူခဲ့ပြီး သတ္တဝါများအား ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကလည်း ၄၅ ဝါလုံးလုံး မနေမနား နေ့ရောညပါ တရားတော်များဟောကြားရင်း လူနတ်ဗြဟ္မာ သတ္တဝါအများအပြားကို ဆင်းရဲဒုက္ခတွင်းမှ ကယ်တင်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံပြီးသည့်နောက်မှပင် သတ္တဝါများ ဒုက္ခမှ လွတ်မြောက်စေရန် သာသနာနှစ် ၅၀၀၀ ထားရစ်ခဲ့ပြီး တရားတော်များကို ဓမ္မစေတီအဖြစ် ကိုးကွယ်ခွင့်ပြုခဲ့ပါသည်။

မြတ်စွာဘုရားသခင်သည် ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းတည်တံ့ ခိုင်မြဲစေရန်အတွက် ရဟန်းသံဃာတော်များကို အဓိကအားကိုးအားထားပြုခဲ့ပါသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သာသနာတော် အဓွန့်ရှည်ရန်အတွက် သံဃာ့အဖွဲ့အစည်းကြီးကို အလေးထားပြုစုပျိုးထောင်ခဲ့ကြောင်း ထင်ရှားသည့်သာဓကတစ်ခုမှာ မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားအား လှူဒါန်းရန် ရည်စူး၍ ရွှေကြာသင်္ကန်းကို ကိုယ်တိုင်ရက်လုပ်ပြီး မြတ်စွာဘုရားအား ဆက်ကပ်ရန် လျှောက်ထားသည့်အခါ ဘုရားရှင်က မိန့်ကြားသည်မှာ **"မိထွေးတော်ဂေါတမီ ငါဘုရားအား လှူဒါန်းခြင်းထက် သံဃိက (သံဃာတော်များအား)လှူဒါန်းခြင်းက ပိုမိုအကျိုးစီးပွား ပွားများအပ်ပေသည်"** ဟု မိန့်ကြားတော်မူခဲ့ပါသည်။

သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် သံဃာတော်များသည် အဓိကကျကြောင်း သိမြင်တော်မူသည်နှင့်အညီ သာသနာတော် တည်တံ့ရေးတွင် သံဃာတော်များ စောင့်ထိန်းရမည့် မြတ်စွာဘုရားရှင်ကိုယ်တိုင် ချမှတ်ပြဋ္ဌာန်းပေးခဲ့သည့် သံဃာ့ဥပဒေတော်ဟုဆိုရမည့် (၂၂၇) သွယ်သော သီလသိက္ခာတော်ကြီးကို ထိန်းသိမ်းနိုင်သလောက် သံဃာတော်များ၏ ဂုဏ်မှာလည်း ထွန်းလင်းတောက်ပြောင်နေမည်ဖြစ်ပြီး သာသနာတော်အဓွန့်ရှည်စေရန်အတွက် အားဆေးတစ်ခွက်ပင်ဖြစ်ပါသည်။ ယခုလက်ရှိ သာသနာတော် ၂၆၀၀ အထိ ထေရဝါဒဗုဒ္ဓဘာသာ မညှိုးမမှိန်ဘဲ ခိုင်မြဲတည်ရှိနေသည်မှာလည်း သိက္ခာပုဒ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး တရားဓမ္မကို မပြတ်ဖြန့်ဝေပေးနေသည့် သံဃာတော်များ၏ ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။

သံဃာတော်များ၏ ဂုဏ်သိက္ခာ မည်မျှကြီးမားသည်ကို ဥပမာပြရသော် ယနေ့ဝတ်သည့် သာမဏေငယ်အား သင်္ကန်း၊ ဝါတော်ကြီးမားသည့် ဘိက္ခုနီများက ရှိခိုးဦးတင်ထိုက်သည်ဟူ၍ ဘုရားရှင်က လမ်းညွှန်ခဲ့ပါသည်။ အသက်အရွယ်ကြီးရင့်သည့် ဘိုးဘွားမိဘမှစ၍ လူပုဂ္ဂိုလ်အားလုံးတို့သည်လည်း သာမဏေငယ်လေးပင်ဖြစ်လင့်ကစား သဒ္ဓါတရားအပြည့်အဝဖြင့် ကြည်ညိုရှိခိုးဖူးမြော်ခြင်းဖြင့် ကောင်းမှုကုသိုလ်အများအပြား ရရှိနိုင်ပါသည်။

သံဃာတော်များအား ရှိခိုးကော်ရော်ပူဇော်ထိုက်ရန်အတွက် သံဃာ့ဂုဏ်တော် ၉ ပါး ရှိနေပါသည်။

သံဃာ့ဂုဏ်တော် ၉ ပါး

ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်သား သံဃာတော်မြတ်သည်-

(၁) **သုပ္ပဋိပန္နော**၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောအကျင့်ကို ကောင်းစွာကျင့်တော်မူတတ်ပါပေ၏။

(၂) **ဥဇုပ္ပဋိပန္နော**၊ မဇ္ဈိမပဋိပဒ် အကျင့်မှန်ကို ဖြောင့်မှန်စွာ ကျင့်တော်မူပါပေ၏။

(၃) **ဉာယပ္ပဋိပန္နော**၊ နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုရေးအလေးပေးကာ ကျင့်တော်မူပါပေ၏။

(၄) **သာမီစိပ္ပဋိပန္နော**၊ ပေါ်နိုင်ခဲလက် နည်းကျင့်နက်ကို လေးနက်ရိုသေ ကျင့်တော်မူပါပေ၏။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ မင်္ဂဖိုလ်ရဆဲ အကြင်လေးစုံတွဲတို့သည်။ အဋ္ဌပုရိသ ပုဂ္ဂလာ၊ သချိုင့်ချင်ထောက်ရှစ်ယောက်တို့သည်။ ဟောဤ၊ ဖြစ်ကြပေကုန်၏။ ဘဂဝတော၊ ဘုန်းပန်းမဉ္ဇူ သောင်းလုံးကျွံသည့် နတ်လူမျှားထွတ် ဘုရားမြတ်၏။ ဧသ သာဝကသံဃော၊ ဤတပည့်သား သံဃာတော်သည်-

(၅) **အာဟုနေယျော**၊ တကူးတက ဝေးမှဆောင်ယူ ပူဇော်ခြင်းကို ခံယူတော် မူထိုက်ပေ၏။

(၆) **ပါဟုနေယျော**၊ ဧည့်သူစောင်ထူး ရည်စူးစိမ် လှူရန်ဟူသမျှ ခံထိုက်လှပါပေ၏။

(၇) **ဒက္ခိဏေယျော**၊ ထွတ်ထွတ်မြတ်မြတ် သတ်မှတ်ရည်စူး အလှူထူးကို ခံယူတော်မူထိုက်ပေ၏။

(၈) **အဉ္ဇလိကရဏီယော**၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း ခံထိုက်ပေ၏။

(၉) **လောကဿ**၊ ပြဟ္မာနတ်လူ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ၏။ အနုတ္တရံ၊ အတုမရှိ မတူမရှိ အကောင်းဆုံးဖြစ်သော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးကြရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

မြတ်စွာဘုရားက သာသနာတော်သန့်ရှင်းတည်တံ့ရေးအတွက် သံဃာတော်များစောင့်ထိန်းရမည့် (၂၂၇)သွယ်သော သိက္ခာပုဒ်များ ထားရှိခဲ့သည့်အပြင် သံဃာ့ဂုဏ်တော် ၉ ပါးကိုလည်း လူအများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် ဟောကြားညွှန်ပြခဲ့ပါသည်။

မြတ်စွာဘုရားရှင်ကဲ့သို့ပင် ထေရဝါဒ စစ်စစ်မှန်မှန် ကျင့်သုံးသော မြန်မာနိုင်ငံရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများကလည်း မျက်မှောက်ကာလနှင့် လိုက်လျောညီထွေ သံဃာတော်များလိုက်နာစောင့်ထိန်းရန် ညွှန်ကြားလွှာများကိုလည်း အခါအားလျော်စွာ ထုတ်ပြန်ခဲ့ပါသည်။ ထိုညွှန်ကြားလွှာများ ထုတ်ပြန်ခဲ့ရသည်မှာလည်း သာသနာတော်ကြီး မညှိုးမမှိန် မပျောက်မပျက်စေရန်အတွက် လွဲလပ်ရိယ စိတ်ထားသောအားဖြင့် မသင့်လျော်သည့်အလုပ်များ မလုပ်မိစေရန် မေတ္တာတော်ရှေ့ထား၍ ဓမ္မတရားနှင့်အညီ ဟန့်တားတားမြစ်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ယခုခေတ်အခါသမယတွင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများဖြစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဘဒ္ဒန္တကုမာရာဘိဝံသ၊ ပဲခူးမြို့မဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ တိပိဋကဓရ မေ့ဘဏ္ဍာဂါရိကဆရာတော်ကြီးတို့ ကြီးမှူးထုတ်ပြန်ခဲ့သော သံဃာတော်များ စောင့်ထိန်းလိုက်နာရမည့် ညွှန်ကြားလွှာအမှတ် (၈၃)ကို နုတ်ပယ်ခြင်းလည်းမရှိ၊ ထပ်မံဖြည့်စွက်ခြင်းလည်း မပြုလုပ်ဘဲ မူလညွှန်ကြားလွှာရှုရင်းအတိုင်း ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်ဒါယကာ၊ ဒါယိကာမများ ဗဟုသုတအဖြစ် သိရှိစေရန် အောက်ပါအတိုင်း ဖော်ပြပေးအပ်ပါသည်-

ကပ္ပိယဒါယကာကြီး (သာသနာတော်ကို ကြည်ညိုသူ)

ညွှန်ကြားလွှာအမှတ်(၈၃)

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုလုပ်ရန်ညွှန်ကြားခြင်း။

(၁၃၊ ၇၊ ၉၁) (၄-၂-၅၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ထေရဝါဒဂိုဏ်းဝင် သံဃာပေါင်းသုံးသိန်းကျော် နေထိုင်သီတင်းသုံးလျက်ရှိပါသည်။ ယင်းထေရဝါဒ ဂိုဏ်းဝင်သံဃာပေါင်းသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးမူအရ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပပြီးနောက် သံဃာ့ဂိုဏ်းကြီး ၉ ဂိုဏ်းဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ သာသနာရေးတာဝန်များကို ဆောင်ရွက်လျက်ရှိကြပါသည်။

ထေရဝါဒသံဃာ့ဂိုဏ်းဝင် သမ္မတိသံဃာတို့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဦးတည်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့၏ ကိစ္စဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးလုံးကိုသော်လည်းကောင်း၊ တစ်ပါးပါးကိုသော်လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

အကယ်၍ ရဟန်းသာမဏေများ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ပါက နိုင်ငံရေးပါတီများသည် ရဟန်းသာမဏေများထံ ချဉ်းကပ်၍ ဆရာမွေးကြပေလိမ့်မည်။ ထိုအခါ ရဟန်းသာမဏေများသည် မိမိနှစ်သက်ရာပါတီ အနိုင်ရရှိရေးကို ဆောင်ရွက်ကြ၊ ဟောပြောကြရသဖြင့် ဘုရားရှင်၏ဓုရနှစ်ပါးဖြစ်ကြ အားထုတ်စိတ်တော့ဘဲ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဦးတည်ချက်ကို ထိခိုက်လာမည့်အပြင် ရဟန်းသာမဏေအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ခဲဲယဉ်းယဉ်းတည်ဆောက်ထားရသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးပြိုကွဲ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် စာနစ်ပျက်စီးကြရပေလိမ့်မည်။

ရှေးယခင် အင်္ဂလိပ်အုပ်စိုးစဉ်အခါက ဝံသာနု၊ ဒိုင်အာခီစသည်ကွဲပြားကြရာ ရဟန်းတော်များ ပါတီနိုင်ငံရေး၌ ပါဝင်ဆောင်ရွက်ကြသဖြင့် ဝံသာနုဘုန်းကြီး၊ ဒိုင်အာခီဘုန်းကြီးစသည်တို့ စိတ်ဝမ်းကွဲကာ ကံကြီးကံငယ်အတူမဆောင်နိုင်၊ သံဃာစင် အတူမတက်နိုင်သည်အထိ အချင်းချင်းကွဲပြားခဲ့ဖူးပါသည်။

မြန်မာနိုင်ငံတော်၌ ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မရခဲ့ဖူးသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးကို ရရှိ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းကာ **"သံဃာ့ကိစ္စ သံဃာဆောင်ရွက်"** ဟူသောမူအရ သာသနာ့ကိစ္စအဝဝကို သံဃာတော်များ ကိုယ်တိုင်ဆောင်ရွက်ခွင့်ရသဖြင့် သာသနာတော်၌ အဓမ္မဝါဒများကို နှိမ်နင်းနိုင်ခြင်း စသောအကျိုးတရားများစွာ ဖြစ်ထွန်းခဲ့ပါသည်။ သို့ဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးမပြိုကွဲရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် ရဟန်းသာမဏေတိုင်း၏ တာဝန်ဖြစ်ပါသည်။ ဤတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ကြပါက သံဃာ့ညီညွတ်ရေးကြီးပြိုကွဲ၍ သံဃာ့အဖွဲ့အစည်းများ ပျက်စီးသွားပါက နောင်တစ်ဖန် ဤအခွင့်အရေးမျိုး ရရှိရန်မျှော်မှန်း၍ ရနိုင်တော့မည်မဟုတ်ပါ။

ပါတီနိုင်ငံရေးဟူသည် လူ့ဘောင်ကြောင်၊ လူပုဂ္ဂိုလ်တို့၏ကိစ္စတာဝန်သာ ဖြစ်ပါသည်။ ရဟန်းသာမဏေများသည်ကား မည်သည့်ပါတီကပင် အစိုးရအဖြစ် တက်ရောက်လာသော အစိုးရ၏ ထိုတက်ရောက်လာသော အစိုးရ၏ တရားနှင့်အညီပေးဆပ်သော အာဏာစက်အကာအကွယ်ကို အထောက်အပံ့ကိုရယူ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို စောင့်ရှောက်ထိန်းသိမ်းသွားရမည်သာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ သီတင်းသုံးနေထိုင်ကြသော ထေရဝါဒသံဃာ့ဂိုဏ်းဝင် ရဟန်းသာမဏေတို့သည် ပါတီနိုင်ငံရေးများ၌ ကိုယ်တိုင်ပါဝင်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သူတစ်ပါးအား တိုက်တွန်းခြင်းများမှ ရှောင်ရှားကြရန် ညွှန်ကြားလိုက်ပါသည်။

(ဘဒ္ဒန္တကုမာရာဘိဝံသ)	ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊
အဘိဓဇမဟာရဋ္ဌဂုရု	(အဂ္ဂမဟာပဏ္ဍိတ၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့	အဘိဓဇမဟာရဋ္ဌဂုရု၊
ဥက္ကဋ္ဌဆရာတော်	တိပိဋကဓရ မေ့ဘဏ္ဍာဂါရိက)
	နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
	အကျိုးတော်ဆောင်ချုပ်

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် သာသနာတော်ကို မမှုန်မဝါးလမ်းကျကျ ပြုစုစောင့်ရှောက်ထိန်းသိမ်းနိုင်စေရန်အတွက် လူပုဂ္ဂိုလ်ရော ရဟန်းပါ ထိန်းသိမ်းစောင့်ရှောက်ရမည့် ကျင့်ဝတ်များကို သိင်္ဂါလ သတို့သားအား ဟောကြားသော သိင်္ဂါလောဝါဒသုတ္တန်တွင် ဟောကြားထားပါသည်-

- ရဟန်းသံဃာတော်များအား ကိုးကွယ်ရာတွင် မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့် တရားတော်နှင့်အညီ ဆည်းကပ်ကိုးကွယ်ရမည်။
- မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
- မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
- အမြဲမပြတ်လှူဒါန်းလိုသော အလောဘစိတ်ထားရှိ၍ အလှူခံပုဂ္ဂိုလ်အား တံခါးဖွင့်ကာ မျှော်လင့်စောင့်ဆိုင်းနေသည့် စေတနာသဒ္ဓါတရားမျိုးဖြစ်ရမည်။
- ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော အာမိသတို့ကို ပေးလှူခြင်းဖြင့် သံဃာတော်များကို ပြုစုစောင့်ရှောက်ကြရမည်။

သိင်္ဂါလသူကြွယ်သား ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားတို့သည် သာသနာတော်ကို ပြုစုစောင့်ရှောက်ကုန်လော့ ဟူ၍ဟောကြားခဲ့ပါသည်။

ထိုနည်းတူစွာပင် ရဟန်းတော်များဘက်က ပြုကျင့်ရမည့် ရဟန်းကျင့်ဝတ် ၆ ပါးကိုလည်း သိင်္ဂါလောဝါဒသုတ္တန်တွင် ဟောကြားခဲ့ပါသည်-

- မကောင်းမှုမပြုလုပ်မိစေရန် တရားပြ၍ တားမြစ်ကုန်၏။
- ကောင်းမှုတရား၌ သက်ဝင်ယုံကြည်စေရန်အတွက် တရားပြ လမ်းညွှန်ရာ၏။
- ကောင်းသောမေတ္တာစိတ်ဖြင့် ဒါယကာ၊ ဒါယိကာမတို့အား စောင့်ရှောက်ကြကုန်၏။
- မကြားဖူး၊ မသိဖူးသေးသော တရားစကားများကိုလည်း ဟောကြားရာ၏။
- ကြားဖူး၊ သိဖူးသော တရားစကားများကိုလည်း အသိအမြင် ဖြူစင်သန့်ရှင်းစေရန်အတွက် အဖန်ဖန်အထပ်ထပ် ဟောကြားရာ၏။
- နတ်ပြည်နိဗ္ဗာန်သို့ သွားရောက်မည့်ခရီးအား ညွှန်ပြကုန်ရာ၏။

အထက်ဖော်ပြပါအတိုင်း သံဃာတော်များ ပြုကျင့်ရန် မြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရားသာသနာတော်နှင့် တရားတော်များ မပျောက်မပျက် ဆက်လက်ရှင်သန်ထွန်းကားစေရေးအတွက် မြတ်စွာဘုရား သတ်မှတ်ပြဋ္ဌာန်းခဲ့သော ဝိနည်းတရားတော်များနှင့်အညီ သံဃာတော်များဘက်က ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သကဲ့သို့ မြန်မာနိုင်ငံတွင် ထေရဝါဒကိုးကွယ်သော ဗုဒ္ဓဘာသာနွယ်ဝင် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း သံဃာတော်များအား သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းပေးကာ ဆရာဒကာ လက်တွဲညီညီ သာသနာပြုနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရေပေးဝေရေးနှင့် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖွင့်ပွဲ ဟားခါး၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့နယ် ဘုံဖုံးပြကျေးရွာ၌ ကျင်းပသည့် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျေးရွာရေပေးရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆွေခန့်ထန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချန်ဟရဲတို့က ရေပေးဝေရေးဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြ၍ ပြည်နယ်ဝန်ကြီး ဦးနိန်နိုင်ကေ ရေခလုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရိုးရာချောင်းအသေးစားရေအားလျှပ်စစ် တည်ဆောက်မည့်မြေနေရာနှင့် ရေမြောင်းတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ကေဗွန်းကျေးရွာ၌ ကျေးရွာလူထုနှင့် တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကေဗွန်း-ချောင်ကြွမ်း-သီလင်မြေသားလမ်း ဖွင့်ပွဲသို့ တက်ရောက်၍ အဆိုပါလမ်းကို ကြည့်ရှုသည်။

ယင်းနောက် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသော စာအုပ်၊ စာစောင်နှင့် ဂျာနယ် ၃၅၀ နှင့် ငွေကျပ် တစ်သိန်းတို့ကို မြို့နယ်အမှုဆောင် ဦးဇမ်ကီးယိုက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ၂၀၁၂ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်က လားရှိုးမြို့၌ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူးက ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်ကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲတို့မှ ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းမှာကြားစဉ်။ (ကြေးမုံ)

မူးယစ်ကိုပစ်ပန်းတိုင်သစ်စိတ်သစ်လူသစ်ဘဝသစ်

မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကားဖြင့် တည်ဆောက်ခဲ့သည့် ဗိုလ်မြတ်ထွန်းတံတား

ဗိုလ်မြတ်ထွန်းတံတား ရန်ကုန်ဘက်ကမ်း ပင်မတံတားမုခ်ဦး။

ဗိုလ်မြတ်ထွန်းတံတား ညောင်တုန်းဘက်ကမ်း ချဉ်းကပ်လမ်းအဆင်းမြို့အဝင်လမ်း။

ဗိုလ်မြတ်ထွန်းတံတား၏
ပင်မတံတားကြီးမှာ ငွားငွားစွင့်စွင့်။

* ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွက် အရေးပါသော တံတားတစ်စင်းဖြစ်သည်။
* အရှေ့ဘက်ကမ်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ညောင်တုန်းကျေးရွာမှ ဧရာဝတီမြစ်ကိုဖြတ်၍ အနောက်ဘက်ကမ်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆည်ရွာအနီးသို့ ဆက်သွယ်တည်ဆောက်ထားသည်။
* ညောင်တုန်းဆိပ်ကမ်းနှင့် စက္ကေ့ဆိပ်ကမ်း၌ ဇက်ရေယာဉ်စောင့်ဆိုင်းနေရသော နိစ္စဓူဝကြုံတွေ့ရင်ဆိုင်ရသည့် ဒုက္ခများမှ ကင်းဝေးပြီး မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ ကူးသန်းသွားလာနိုင်ပြီဖြစ်သည်။
* ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ အချိန်တိုအတွင်း သွားရောက်နိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှု၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့တွင် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

ဗိုလ်မြတ်ထွန်းတံတား အချက်အလက်များ

၁။ ပင်မတံတားအရှည်မှာ ၆၁၆၄ ပေရှိသည်။
၂။ ကြိမ်ပင်ဆည်ဘက် ချဉ်းကပ်တံတားအရှည်ပေ ၁၃၈၀ ရှိပြီး သောင်တန်းဘက်ချဉ်းကပ်တံတားအရှည်ပေ ၁၀၀၀ ရှိသည်။ စုစုပေါင်းတံတားအရှည် ၈၅၄၄ ပေရှိသည်။
၃။ တံတားအမျိုးအစားမှာ သံပေါင်တံတားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်တိုင်ဖြစ်သည်။
၄။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် ခြောက်ပေစီပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ပေ ၃၆၀၊ အမြင့် ၅၇ ပေဖြစ်သည်။ ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။
၅။ ဗိုလ်မြတ်ထွန်းတံတားကို ၁၅-၆-၁၉၉၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၃၀-၁၀-၁၉၉၉ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ခံ့ညားထည်ဝါလှပသည့် ဗိုလ်မြတ်ထွန်းတံတားကြီး။

သတင်းမှတ်စု - မောင်ငြိမ်းအေး

☆ ကျောဖုံးမှ

စီးပွားရေးမူဝါဒတစ်ခုအနေဖြင့် ညီမျှသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး ပါဝင်ပါကြောင်း။

မိမိတို့နိုင်ငံ၏ လူ့စွမ်းအားတိုးတက်ဖွံ့ဖြိုးမှု အညွှန်းကိန်း HDI မှာအခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ အောင်မြင်ရန်လူနေမှု အဆင့်အတန်းကို နှစ်ဆတိုးမြှင့်ပေးရန် လိုအပ်ပါကြောင်း။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန် ပြည်သူလူထုကို ဗဟုသုတ၊ ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုဆိုင်ရာ အလေ့အကျင့်များ တိုးတက်စေရေး လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် အခြေခံအဆင့်ဆင့်တွင် စွမ်းဆောင်ရည်မြင့်မားကြမှသာ ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော် ပထမနေ့ ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပညာရေးမူဝါဒလမ်းညွှန်ချက်(၁၀)ရပ် ချမှတ်ခဲ့ပါကြောင်း၊ အစိုးရသစ်၏ ပညာရေးမူဝါဒအပေါ် အခြေခံလျက် အရေးပါသော ဆောင်ရွက်ချက်များဖြစ်သော အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် စတင်အကောင်အထည်ဖော်ရေး၊ ပုဂ္ဂလိကကျောင်းမှတ်ပုံတင်ဥပဒေ ထုတ်ပြန်ရေး၊ ပညာထူးချွန်ဆုနှင့် ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ရေးတို့ကို လာမည့်ပညာသင်နှစ်တွင် အကောင်အထည်ဖော်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ အခြေခံပညာကဏ္ဍတွင် နှစ်(၃၀)နှစ်ရှည် အခြေခံပညာရေးစီမံကိန်း (၂၀၀၁-၂၀၃၁)၊ လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့်လုပ်ငန်းအစီအစဉ် (၂၀၀၃-၂၀၁၅)များကိုလည်း အကောင်အထည်ဖော်လျက်ရှိ ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဘောင်အရ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပညာရေးလုပ်ငန်း(၁၃)ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် အသက် (၅)နှစ်နှင့်အထက် သူငယ်တန်းကျောင်းဝင်နှုန်းသည် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး မူလတန်းကျောင်းဝင်နှုန်းသည် ၈၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ကာ မူလတန်းအဆင့်ပြီးဆုံးမည့်နှုန်းသည် ၈၂ ဒသမ ၂၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ထို့အပြင် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေး၊ ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားရေးမြှင့်တင်ရေး၊ သင်ယူမှုပတ်ဝန်းကျင် အခြေအနေကောင်းများ ဖြည့်ဆည်းဖန်တီးပေးရေး၊ အရည်အသွေး ထိန်းချုပ်ရေး၊ နိုင်ငံအဆင့် အရည်အသွေးစံနှုန်းအညွှန်းဘောင်ကို ဒေသတွင်း အရည်အသွေးစံနှုန်း အညွှန်းဘောင်နှင့် ကိုက်ညီစေရေးတို့ကို ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင် ပိုမိုများပြားလာသော ကျောင်းသားများအတွက် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသစ်များဖွင့်လှစ်ခြင်းအားဖြင့် သင်ယူမှုအခွင့်အလမ်းများ ပိုမိုဖန်တီးပေးခြင်းအပြင် ခက်လက်ဝေဖြာအခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရန် သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ပညာဆက်လက်သင်ယူလိုသော၊ အရည်အသွေး ဖြည့်ဆည်းလိုသောသူများအတွက် ပညာရပ်သင်တန်းများနှင့် ကျွမ်းကျင်မှု အဆင့်မြှင့်တင်ရေး၊ သင်တန်းများကို non-formal education အစီအစဉ်ဖြင့် တက္ကသိုလ်ဝန်းကျင် ပြည်သူလူထုအတွက် ပညာဗဟုသုတ ဖြည့်ဆည်းနိုင်ရန်အလို့ငှာ ၁၉၉၈ ခုနှစ်မှစတင်၍ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုအမျိုးသားဗဟိုဌာနကို တည်ထောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပညာဆက်လက်သင်ယူရန် ပြတ်တောက်ခဲ့သောသူများနှင့် အရည်အသွေးဆက်လက်မြှင့်တင်လိုသူများအတွက် သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ တက်ရောက်သူများမှာလည်း အခြေခံပညာအောင်မြင်ပြီးသူမှ တက္ကသိုလ်ဘွဲ့ရအထိ အမျိုးမျိုးကွဲပြားခဲ့ပါကြောင်း၊ သို့ရာတွင် ဤသင်တန်းဆင်းများသည် လက်ရှိ ဈေးကွက်လိုအပ်ချက်အတွက် အရေအတွက်သာမက အရည်အသွေးပါ ကိုက်ညီသင့်ပါကြောင်း၊ ထို့ကြောင့် သင်ယူမှုအခွင့်အလမ်း မြှင့်တင်ရေးကဲ့သို့ အရည်အသွေးမြှင့်တင်ရေးကိုလည်း အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ခုစလုံးတွင် ခိုင်မာအောင် ပြုလုပ်ပေးရန်လိုအပ်ပါကြောင်း။

စက်မှု၊ သက်မွေးကဏ္ဍနှင့်ပတ်သက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အဓိကတာဝန်ယူရပါကြောင်း၊ စက်မှုနှင့် သက်မွေးပညာလေ့ကျင့်ရေးသည် ထုတ်လုပ်ရေးမြင့်မားမှုအတွက် နည်းပညာလိုအပ်ချက်နှင့် ရင်ပေါင်တန်းနိုင်ရန်အရေးကြီးပါကြောင်း၊ စက်မှုနှင့်သက်မွေးပညာရေးသည် လူမှုစီးပွားနယ်ပယ်တွင် လိုအပ်သော အရည်အသွေးများ ဖြည့်ဆည်းပေးရုံသာမက လူငယ်များကို လူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများကိုလည်း မြှင့်တင်ပေးပါကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များနှင့် စက်မှုဖွံ့ဖြိုးရေးအတွက် လိုအပ်သော အနာဂတ်စက်မှုလုပ်အားစုအတွက် စက်မှုနှင့်သက်မွေးပညာရေးကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း။

ထို့အပြင် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာသည် လူမှုနယ်ပယ်အားလုံးနီးပါးနှင့် ပတ်သက်သော သတင်းအချက်အလက်များကို လျင်မြန်၍ အကုန်ကျနည်းပါသော ချိတ်ဆက်မှုကို ရရှိစေပါကြောင်း၊ အင်တာနက်သည် ပထဝီဝင်ဆိုင်ရာ အတားအဆီးများကို ချိုးဖျက်လျက် မျိုးဆက်သစ်များအတွက် ခေတ်မီနည်းပညာများ ဖြည့်ဆည်းပေးကာ ဈေးကွက်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် လိုက်လျောညီထွေအရေးပါသည့် နိုင်ငံတကာဗဟုသုတ တိုးတက်ရေးအတွက် ICT ကိုလည်း ခိုင်မာစေရမည်ဖြစ်ပါကြောင်း။

ယနေ့ခေတ်ကာလတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍ၏ အရေးပါမှုသည်လည်း မြင့်မားလာနေပါကြောင်း၊ ဆန်းသစ်သော၊ စွမ်းဆောင်ရည်မြင့်မားသော လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်ပါကြောင်း၊ သုတေသနတွေ့ရှိချက်များနှင့် စီးပွားရေးဈေးကွက်တွင် ထိုးဖောက်နိုင်မှုအကြား ကွာဟချက်ရှိနေလျှင် သုတေသနနှင့် ဖွံ့ဖြိုးရေးသည် မတည်မြဲနိုင်ကြောင်း၊ နည်းပညာနှင့် ဆန်းသစ်သည့် ပညာရပ်ဖော်ထုတ်ရေးဌာနများ တည်ထောင်ခြင်းအားဖြင့် စက်မှုလုပ်ငန်းများတွင် နည်းပညာသစ်များ ပေါ်ထွက်စေနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းကို ဦးတည်သော စွမ်းဆောင်ရည်များကို ထောက်ပံ့ခြင်းဖြင့် ကွာဟချက်ကို ကျဉ်းမြောင်းစေမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ အမျိုးသားကျန်းမာရေးအစီအစဉ်သည် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း၏အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အသက်ရှင်နေထိုင်နိုင်ရေး၊ လူတိုင်းရောဂါကင်းဝေး၍ အသက်ရှည်ရေးဟူသော ရည်မှန်းချက်နှစ်ရပ်ချမှတ်ထားပါကြောင်း၊ ဤရည်မှန်းချက်များ အောင်မြင်စေရန် ကျန်းမာရေး ဗဟုသုတများကို ကျေးလက်ဒေသအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရေး၊ ရောဂါကာကွယ်ရေး လှုပ်ရှားမှုများကို မြှင့်တင်ရေးနှင့် Prevalling Diseases များကို ထိရောက်စွာကုသနိုင်ရေးဟူသော လုပ်ငန်းစဉ်သုံးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်သော အညွှန်းကိန်းအများစုသည် ယခင်နှစ်များအတွင်း တိုးတက်မှုများ ရရှိခဲ့သော်လည်း နောက်ထပ်ဆောင်ရွက်ရန် နယ်ပယ်များစွာ ကျန်ရှိနေပါကြောင်း၊ရာသီဥတုနှင့် ပတ်ဝန်းကျင် ဖောက်ပြန်မှုများကြောင့် ကျန်းမာရေးစိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာနေပါကြောင်း၊ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် လက်ရှိလက်တွဲဆောင်ရွက်မှုကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့အဖွဲ့အစည်းနှင့် စုပေါင်းဆောင်ရွက်မှုတွင် ပိုမိုပါဝင်ဆောင်ရွက်ခြင်းဖြင့် ဤစိန်ခေါ်မှုများကို ကျော်လွှားရန် ကြိုးစားနိုင်ပါကြောင်း။

ကျန်းမာရေးနှင့် ပညာရေးကဏ္ဍနှစ်ခုပေါင်းအသုံးစရိတ်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပညာရေးကဏ္ဍ၌ အသုံးစရိတ် ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် ကျန်းမာရေးကဏ္ဍ၌ ၂ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ၅ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ အစိုးရအသုံးစရိတ်၏ ၇ ဒသမ ၅ ရာခိုင်နှုန်း ရှိလာလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်သည့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည်သည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ လက်ရှိပညာရေးနှင့်ကျန်းမာရေး အသုံးစရိတ်သည် အခြားနိုင်ငံများထက်ပိုမိုနည်းပါးနေပါကြောင်း။

ယနေ့ခေတ်ကာလတွင် နိုင်ငံများစွာသည် ၎င်းတို့၏စီးပွားရေးကို သဘာဝအရင်းအမြစ်အခြေခံမှ လူသားအရင်းအမြစ်အခြေခံသို့ ပြောင်းလဲနေကြပါကြောင်း၊ သဘာဝအရင်းအမြစ်များသည် ပြုန်းတီးနိုင်သော်လည်း လူသားအရင်းအမြစ်များသည် မပြုန်းတီးနိုင်သည့်အပြင် စီးပွားရေးစွမ်းဆောင်ရည်ကိုလည်း အဆပေါင်းများစွာ မြင့်မားစေရန် အထောက်အကူပြုနိုင်ပါကြောင်း၊ တိုင်းပြည်များစွာတို့တွင် သဘာဝအရင်းအမြစ်မရှိဘဲ လူသားအရင်းအမြစ်ပေါ်တွင် အခြေပြုလျက် တိုးတက်မှုများ ရရှိနေသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ လူသားအရင်းအမြစ်နည်းပါးသော တိုင်းပြည်သည် ယနေ့ ကမ္ဘာ့လှိုင်း၏ ကြမ်းတမ်းမှုဒဏ်ကို ခံနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပြည်တွင်း NGOs နှင့် INGOs များပါဝင်သော အဖွဲ့အစည်းအားလုံးအား နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မြှင့်တင်ရေးအတွက် ဆောင်ရွက်ကြိုးပမ်းကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ နိုင်ငံတော်၏ လူသားအရင်းအမြစ်များကို မြှင့်တင်ရေးအတွက် အချိန်အခါမရွေး၊ နေရာမရွေး အကူအညီများကို ရယူလိုသည်ကို အမြဲဖော်ပြလေ့ရှိပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အချက်များအဖြစ် ရှိနေသောကြောင့် ဖြစ်ပါကြောင်း။

ဤညီလာခံကြီးက အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုစီမံကိန်း အောင်မြင်စေရန်နှင့် ဆောင်ရွက်သင့်သော မူဝါဒများ ချမှတ်နိုင်ရန် ထိရောက်စွာ ကူညီနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဧည့်သည်တော်ကြီးများ၊ ပါဝင်ဆွေးနွေးသူများ၊ တက်ရောက်သော အဖွဲ့အစည်းများအားလုံးအား ဤအရေးပါသော ညီလာခံကြီးအောင်မြင်ရေး ပူးပေါင်းပါဝင်မှုများကို အထူးကျေးဇူးတင်ရှိပါသည်ဟု ပြောကြားရင်းနိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vigay Nambiar၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ UN Assistant Secretary-General & Chair of UN Development Group (UNDG), Asia-Pacific မှ Dr. Ajay Chhibber နှင့် UN Resident & Humanitarian Coordinator, Myanmar မှ Dr. Ashok Nigam တို့က ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြပြီး ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vigay Nambiar အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

UN Resident & Humanitarian Coordinator, Myanmar မှ Dr. Ashok Nigam အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ညီလာခံသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာ အကြံပေးဦးမြင့်က ဦးဆောင်ဆွေးနွေးသူ (Moderator) အဖြစ်ဆောင်ရွက်ပြီး ညီလာခံသို့ တက်ရောက်လာကြသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များက အစီအစဉ်အတိုင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ညနေပိုင်းတွင် ညီလာခံကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် မှ ၁၆ ရက်အထိ ဆက်လက်ကျင်းပပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများချမှတ်ရေးနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာမူဝါဒများ ချမှတ်ရေးတို့နှင့်စပ်လျဉ်း၍ ညီလာခံသို့ တက်ရောက်လာကြသည့် ဘာသာရပ်ဆိုင်ရာပညာရှင်များက ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဦးမြင့်ဝေ အပါအဝင် ပုဂ္ဂိုလ် ၂၁ ဦးက ပသီအမျိုးသားကွန်ဂရက်ပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၄-၂-၂၀၁၂ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"မှားသောအကျင့်နှင့် မှန်သောအကျင့်"တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၈း၅၅	Miss Lily 2012 (part-1)
၉း၂၅	Cartoon Show Time (The Hunchback of Notne Dame II)
၁၀း၁၅	Celebrity Style(သဇ္ဇာနွယ်ဝင်း)
၁၀း၅၀	သမိုင်းကြောင်းရှိသူများ၏နေရာ
၁၁း၀၀	Queen Oramin-F Contest (Part-1)
၁၁း၁၅	အသားအရေလှပဖို့အတွက်
၁၂း၄၀	ရန်ကုန်အနောက်ပိုင်းခရိုင်၏ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု အလှမယ်ပြိုင်ပွဲ
၂း၀၀	MRTV-4 သတင်း
၂း၂၀	Wedding Season (Part-II)
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၆)
၇း၀၀	Queen Oramin-F Contest (Part-2)
၇း၃၀	Miss Lily 2012 (Part-2)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် (၁၉၇၃-၇၇)ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား/သူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ
၈း၄၅	Celebrity Choice (အေသင်ချိုဆွေ)
၉း၂၀	The Shop Around The Corner (Part-22)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၉)
၁၀း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ"(အပိုင်း-၁၆)
၁၁း၁၅	အနုပညာမိုးကောင်းကင်

ကုန်သည် / စက်မှုအသင်းချုပ်ဥက္ကဋ္ဌအား ဂျာမနီနိုင်ငံ Hanns Seidel Foundation မှ ဧည့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်အား ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ မြန်မာနိုင်ငံဆိုင်ရာ Hanns Seidel Foundation တာဝန်ခံ Mr. Axel Neubert နှင့်အဖွဲ့ဝင် Ms. Susaane Haastert တို့သည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်၌ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် Hanns Seidel Foundation နှင့် UMFCCI တို့အကြား အပြန်အလှန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်လုပ်ဆောင်နိုင်ရန်ကိစ္စ၊ စက်မှုလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေးအား ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေးအား ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး Mr. Andris Piebalgs ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေးအား ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေး လုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး Mr. Andris Piebalgs ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် Mr. Andris Piebalgs က ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာစေရေးအတွက် ပံ့ပိုးကူညီပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေးက အခြေခံပညာကဏ္ဍတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် မသင်မနေရ မူလတန်းပညာရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရန် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်များအပါအဝင် ဆရာအတတ်ပညာ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံသို့ ပညာရှင်များ စေလွှတ်ပေးစေလိုပါကြောင်းနှင့် တက္ကသိုလ်အချင်းချင်း အပြန်အလှန်ဆက်သွယ်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြား၍ Mr. Andris Piebalgs က မြန်မာနိုင်ငံ၏ ပညာရေးလုပ်ငန်းများတွင် ထိရောက်စွာ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးညှိနှိုင်းသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့ နာယကအဖွဲ့ဝင်များဖြစ်ကြသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်တို့က စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ၁-၃-၂၀၁၂ ရက်မှ ၈-၃-၂၀၁၂ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပသွားနိုင်ရေးအတွက် ဖွဲ့စည်းပေးထားသော ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့ဆပ်ကော်မတီအလိုက် စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်သွားကြရန် မှာကြားကြသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးက ပွဲတော်ကျင်းပရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပွဲတော်ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကျင်းပရာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅)ရပ်ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မိမိတို့၏ဆပ်ကော်မတီအသီးသီး အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့ဆေးရုံကြီး(စစ်ကိုင်း) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး(စစ်ကိုင်း) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါပြည်သူ့ဆေးရုံသစ်ကြီးရှေ့မုခ်ဦး၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဝင်းတို့က ပြည်သူ့ဆေးရုံသစ်ကြီး(စစ်ကိုင်း) ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဆေးရုံကြီး (စစ်ကိုင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံကြီးအတွင်း သားဖွားနှင့်မီးယပ်ကုသဆောင်၊ မွေးကင်းစကလေးကုသဆောင်၊ သားဖွားခန်းဆောင်၊ မျက်စိခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်းမကြီးနှင့် ခွဲစိတ်ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် စွမ်းအားဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးလှိုင်က စစ်ကိုင်းပြည်သူ့ဆေးရုံသစ်ကြီး ဆောက်လုပ်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စစ်ကိုင်းပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းစန်းတင့်ထံပေးအပ်ပြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၅၀၊ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းအတွက် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်း ရေးမှူး ဦးဌေးဦးအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏အထူးအကြံပေး ပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယား လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားသည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးဌာနချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားတို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကိုယ်စားလှယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အနုပညာရှင်များက ရိုးရာယဉ်ကျေးမှုအကများ၊ တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုကိုယ်စားလှယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် အနုပညာရှင်များ၏ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းများဖြင့် ကပြသီဆို ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များကို ယနေ့ည ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါ ကပြဖျော်ဖြေပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ကပြဖျော်ဖြေပွဲတွင် ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက "ဝေဟင်ခရီး လေယာဉ်စီး"၊ "ပြည်ထောင်စု ရထားခရီးသွား"၊ "ပန်းတိုင်ခရီး ရေယာဉ်စီး" စသည့် တိုင်းရင်းသား တေးသရုပ်ဖော်အကများဖြင့် လည်းကောင်း၊ "တို့ပြည်ထောင်စုသား တေးသီချင်း" စုပေါင်းအကတို့ဖြင့် လည်းကောင်း ကပြသီဆိုဖျော်ဖြေ တင်ဆက်ကြသည်။ (သတင်းစဉ်)

ကပြသီဆိုဖျော်ဖြေတင်ဆက်

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုကိုယ်စားလှယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အနုပညာရှင်များ၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ တိုင်းရင်းသား ရိုးရာတေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်မှုအစီအစဉ်များကို နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ကွန်ကရစ်တံတားဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ် (မြို့မ)ရပ်ကွက် နှင်းဆီလမ်းရှိ ကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တံတားသစ်တည်ဆောက်မှု ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် အရှည်ပေ ၄၀ နှင့် အကျယ် ၁၄ ပေရှိ သံမဏိသံပေါင်တင် ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးသည် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အနော်ရထာရပ်ကွက်သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အနော်ရထာရပ်ကွက်နှင့် ကျေးရွာများသို့ ဆက်သွယ်လျက်ရှိသည့် ဥက္ကံချောင်းဖြတ် ဘိုးပိုင်သစ်သားတံတားတည်ဆောက်နေမှုကို လည်းကောင်း၊ တိုက်ကြီးမြို့နယ် တော်လတီကျေးရွာနှင့် ကလော့သော့ကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော အရှည် ၉ မိုင် ၄ ဖာလုံရှိ ကျေးရွာချင်းဆက် မြေသားလမ်းကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကလော့သော့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်လှူဒါန်းကာ ကလော့သော့ အမှတ်(၂) သစ်သားတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တော်လတီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကာ ကျောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ဝင်များက (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အများပြည်သူရုံးပိတ်ရက်တွင် ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအား မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာမေးမြန်းရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အိမ်ထောင်စုလူဦးရေစာရင်း ပျက်စီး၊ ပျောက်ဆုံးသူများအား သီးခြားအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင်လည်း ရပ်ရွာမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက တစ်တပ်တစ်အား ပါဝင်ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ယခုကဲ့သို့ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ခရီးစရိတ်သက်သာမှု၊ သတ်မှတ်နှုန်းထားဖြင့် နေ့ချင်းပြီး အလွယ်တကူရရှိမှု၊ အချိန်ကုန်သက်သာမှုတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော (၆၅)နှစ်မြောက် ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင်က နိုင်ငံတော်သမ္မတထံမှ ဖတ်ကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညပိုင်းတွင် စိတ္တသုခခန်းမ၌ကျင်းပသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က တည်ခင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

အလားတူ ၂၀၁၂ ခုနှစ်(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ် အသီးသီးတွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနားကို နံနက် ၇ နာရီတွင် ပုသိမ်မြို့ ပြည်ထောင်စုကွင်း၌ ပေးပို့သော(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ပဲခူးတိုင်းဒေသကြီး၏ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နံနက် ၇ နာရီခွဲတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားယာဉ်ရပ်နားကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်၍ နိုင်ငံတော်အလံအား အလေးပြုပြီး နိုင်ငံတော်သမ္မတထံမှ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

မွန်ပြည်နယ်၏ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နံနက် ၇ နာရီတွင် မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဖတ်ကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမရှေ့၌ ကျင်းပသည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်သို့ တက်ရောက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာလှဦးနှင့် မော်လမြိုင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဌေးအောင်တို့နှင့်အတူ ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်တက္ကသိုလ်၏ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်၌ အဖွင့်အမှာစကား ပြောကြားသည်။

မကွေးတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နံနက် ၇ နာရီတွင် မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတော်အလံအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက အလေးပြုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ကချင်ပြည်နယ် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နံနက် ၇ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှမ်းပြည်နယ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် အခမ်းအနားတက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ရခိုင်ပြည်နယ် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နံနက် ၈ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တက်ရောက်ကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့အထိမ်းအမှတ်သစ်သီးဝလံ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြိုင်ပွဲနှင့် ဝန်ကြီးဌာနပြခန်းများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နုနုဖဲနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ဝန်ကြီးဌာနပြခန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသော ပြခန်းများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဥပဒေချုပ်တို့က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပထမအဆင့် ရှုံး/ထွက် ပွဲစဉ်များကို ယနေ့တွင် ဇမ္ဗူသီရိအားကစားရုံ ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များအဖြစ် အားကစားဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ညနေပိုင်းပွဲစဉ်များအဖြစ် စက်မှုဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားကြသည်။

ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲစဉ်များအဖြစ် အားကစားဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင်အနုပညာရုပ်ဝန်း — အေဝမ်းစိုး

(၅၄)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကျင်းပ အဒီးလီက ဆုခြောက်ခုဆွတ်ခူး

(၅၄)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့စတက်ပဲလ်စင်တာ၌ ဖေဖော်ဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့)ညက ကျင်းပခဲ့ရာ ဗြိတိသျှပေါ့ပ်အဆိုတော် အဒီးလီ **(ယာပုံ)**က ပေါ့ပ်ဂီတနှင့်ပတ်သက်သည့် ဂရမ်မီဆုအမျိုးအစားခြောက်ခု အမည်စာရင်းတင်သွင်းခံခဲ့ရသူဖြစ်ပြီး အမည်စာရင်း တင်သွင်းခံခဲ့ရသည့် ဂရမ်မီဆုအမျိုးအစား ခြောက်ခုစလုံး သိမ်းပိုက်ရယူနိုင်ခဲ့ရာ အဒီးလီလွှမ်းမိုးခဲ့သည့် ဂရမ်မီညအဖြစ် မှတ်တမ်းသစ်ရေးထိုးရတော့မည်ဖြစ် သည်။

အဒီးလီက ယင်းဂရမ်မီဆုပေးပွဲတွင် သူမ၏ ပေါ့ပ်တေးအယ်လ်ဘမ် 21က တစ်နှစ်တာအကောင်းဆုံးတေး အယ်လ်ဘမ်ဆု၊ တစ်နှစ်တာအကောင်းဆုံးပေါ့ပ်တေးအယ်လ်ဘမ်ဆု၊ Rolling In The Deep တေးသီချင်း အယ်လ်ဘမ်က တစ်နှစ်တာ အကောင်းဆုံးတေးသီချင်းဆုနှင့် Record ဆု၊ Someone Like You တေးသီချင်းဖြင့် အကောင်းဆုံး တစ်ကိုယ်တော်ပေါ့ပ်ဂီတ ဖျော်ဖြေမှုဆုများ ရရှိခဲ့သည်။

အဒီးလီ၏နောက် ဒုတိယနေရာတွင် ဆုအမျိုးအစားငါးခုဖြင့် ရပ်တည်နေသူမှာ ရော့ခ်တေးဂီတအဖွဲ့ Foo Fighters ဖြစ်သည်။ အဆိုပါ ရော့ခ်ဂီတအဖွဲ့က Walk တေးသီချင်းအယ်လ်ဘမ်ဖြင့် အကောင်းဆုံးရော့ခ်ဂီတ ဖျော်ဖြေမှုဆု၊ အကောင်းဆုံး ရော့ခ်သီချင်းဆု၊ White Limo တေးအယ်လ်ဘမ်ဖြင့် အပြင်းစားရော့ခ်ဖျော်ဖြေမှုဆု ၊Wasting Light တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံးရော့ခ်တေးအယ်လ်ဘမ်ဆုများ ဆွတ်ခူးရရှိခဲ့သည်။

တတိယနေရာမှ ဆုအမျိုးအစား လေးခုဖြင့် ရပ်တည်နေသူမှာ ရက်ပ်ဂီတအဆိုတော် ရက်ပ်ပါ ကာညေးဝက်စ်ဖြစ်သည်။ ကာညေးဝက်စ်သည်ဂင်း၏ All of the lights တေးသီချင်းအယ်လ်ဘမ်ဖြင့် အကောင်းဆုံးရက်ပ်တေးသီချင်းဆု၊ My Beautiful Dark Twisted Fantasy တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံး ရက်ပ်တေးအယ်လ်ဘမ်ဆုများကို ဆွတ်ခူးရရှိခဲ့သည်။ ကျေးလက်သီချင်းအဆိုတော် တေလာဆွစ်ဖ်က Mean တေးသီချင်းဖြင့် အကောင်းဆုံး တစ်ကိုယ်တော် ကျေးလက်သီချင်းဖျော်ဖြေမှုဆုနှင့် အကောင်းဆုံး ကျေးလက်သီချင်းဆု များကို ဆွတ်ခူးရရှိသွားသည်။

အင်တာနက်။

မြောင်းမြမြို့ ဗိုလ်ဗထူးလမ်း ကတ္တရာထပ်ပိုးလွှာခင်းလမ်း ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် ဗိုလ်ဗထူးလမ်း ကတ္တရာထပ်ပိုးလွှာလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီ တွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဦးပြုံးချို၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ ပညာရေးကောလိပ်ကျောင်းသူများ၊ ကရင်ဒိုးယိမ်းအကအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းမောင်နှင့် တာဝန်ရှိသူတို့က ဗိုလ်ဗထူးလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဗိုလ်ဗထူးလမ်းမှာ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေနှင့် ဒုသုံးလက်မရှိ ကတ္တရာထပ်ပိုးလွှာခင်း လမ်းဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၀၅ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဖွား တိုင်းရင်းသား တားဆီးကာကွယ် မီးရန်စွယ်

ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ အောင်မြင်ရန် လူနေမှုအဆင့်အတန်းကို နှစ်ဆတိုးမြှင့်ပေးရန်လိုအပ် ပြည်သူလူထုကို ဗဟုသုတ၊ ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုဆိုင်ရာ တိုးတက်စေရေး လေ့ကျင့်ပေးရမည်ဖြစ် အခြေခံအဆင့်ဆင့်တွင် စွမ်းဆောင်ရည်မြင့်မားမှသာ ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ လူမှုရေးဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ NGO နှင့် INGO တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကအခန်းကဏ္ဍများမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဤညီလာခံကြီးတွင် အဖွင့်မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ပါကြောင်း၊ ဦးစွာပထမ Conference on Development Policy Options in Myanmar With Special Reference to Education and Health ညီလာခံသို့ တက်ရောက်လာသူအပေါင်းအား ကြိုဆိုပါသည်ဟု ပြောကြားလိုပါကြောင်း။

ဤညီလာခံ၏ ရည်ရွယ်ချက်မှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုနယ်ပယ်များ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်များကို အဆင့်မြှင့်တင် ဆောင်ရွက်ရန် မူဝါဒများ ချမှတ်ရန်ဖြစ်ပါကြောင်း၊ ဤညီလာခံသည် အာရှနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့တို့၏ အကောင်းဆုံးအတွေ့အကြုံများကို အခြေခံကာ ပညာရေး၊ ကျန်းမာရေးနယ်ပယ်တွင် အဆင့်မြှင့်တင်နိုင်ရန် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရေးအတွက် ကောင်းမွန်သောရလဒ်များ ဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

တက်ရောက်လာကြသူများအားလုံး သိပြီးဖြစ်သည့်အတိုင်း အဖွဲ့အစည်းအသီးသီးပါဝင်သော ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နိုင်ငံတော်အဆင့်ဆွေးနွေးပွဲကို ယမန်နှစ်က ကျင်းပခဲ့ပါကြောင်း၊ တိုင်းပြည်လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိသောကြောင့် ကျေးလက်ပြည်သူလူထု၏ လူမှုရေးဘဝ မြှင့်တင်ရေးသည် မိမိတို့၏ အဓိကအစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းကာ အဓိကလုပ်ငန်းတာဝန်ကြီး (၈)ရပ် ချမှတ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဆင်းရဲမှုနှုန်းကို ယခုလက်ရှိ ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိလျှော့ချရန် ရည်မှန်းချက်ထားရှိပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများရှိ လူသားအရင်းအမြစ်များကို မြှင့်တင်ခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး ရည်မှန်းချက်ကို ပေါက်ရောက်အောင်မြင်စေလိမ့်မည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုကို ဘက်စုံစီမံကိန်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုးတက်မှုကို ရရှိရန် ပြည်သူများ၏ ဘဝအရည်အသွေး လိုအပ်ချက်ကို မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ တိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူလူထုအကြား ညီမျှစွာခွဲဝေခံစားပေးစေရန် လိုအပ်ပါကြောင်း၊ သို့အတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့် ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကမ္ဘာ့တိုက်ကြီးများ တွန်းတိုက်မှုကြောင့် အမေးရှားအမည်ရှိ မဟာတိုက်ကြီး ဖြစ်ပေါ်လာနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

နောင်လာမည့် နှစ်ပေါင်းသန်း ၅၀ မှ သန်း ၂၀၀ အကြား ကာလအတွင်း ကမ္ဘာ့တိုက်ကြီးများ တစ်ခုနှင့်တစ်ခု တွန်းတိုက်မိကာ မဟာတိုက်ကြီးတစ်တိုက်အဖြစ်ပြောင်းလဲဖြစ်ပေါ်လာနိုင်ကြောင်း ဖေဖော်ဝါရီ ၉ ရက်ထုတ် သုတေသနစာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

သုတေသနစာတမ်းကိုပြုစုခဲ့သော အမေရိကန်ပြည်ထောင်စု ယေးလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်အရ အမေရိကနှင့် အာရှတိုက်ကြီးများသည် **စာမျက်နှာ ၄ ကော်လံ ၅ သို့** ❒

မန်ယူအသင်း၏ ဝါရင့်ကစားသမားရိုင်ယန်ဂစ် မန်ယူအသင်းနှင့် တစ်နှစ်စာချုပ်ထပ်မံချုပ်ဆို

မန်ချက်စတာ ဖေဖော်ဝါရီ ၁၃

မန်ယူအသင်း၏ ဝါရင့်ကစားသမား ရိုင်ယန်ဂစ်သည် ယခုအခါ အသင်းနှင့် တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ထပ်မံချုပ်ဆိုခဲ့သည်။ အသက် (၃၈)နှစ်အရွယ် ဂစ်သည် ၎င်း၏ ၂၂ ရာသီမြောက် ပရီမီယာလိဂ် ဘောလုံးရာသီကို မန်ယူအသင်း၏ အိုးထရက်ဖို့ဒ်တွင်သာ ကစားရန် ဆုံးဖြတ်ခဲ့သည်။

ဂစ်သည် ၁၉၉၁ ခုနှစ် မတ်လအတွင်းက မန်ယူအသင်းသို့ ရောက်ရှိခဲ့ပြီး ၈၉၈ ပွဲကစားခဲ့ကာ ၁၆၂ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပရီမီယာလိဂ်အမှတ်ပေးဖလား ၁၂ ကြိမ်၊ အက်ဖ်အေဖလား လေးကြိမ်၊ လိဂ်ဖလား သုံးကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ စူပါဖလားတစ်ကြိမ်နှင့် ဖီဖာကမ္ဘာ့ကလပ်ဖလား တစ်ကြိမ်တို့ကို မန်ယူအသင်းနှင့်အတူ ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။

ဂစ်၏ စာချုပ်သစ်ချုပ်ဆိုမှုနှင့်ပတ်သက်၍ မန်ယူနည်းပြ ဖာဂူဆန်က ယခုနှစ် ဘောလုံးရာသီအတွင်း ဂစ်၏ ကစားဟန်မှာ လွန်ခဲ့သည့် ငါးနှစ်၊ ခြောက်နှစ်ခန့်က ကစားဟန်နှင့် ထပ်တူကျသည်အထိ ၎င်း၏ စွမ်းဆောင်နိုင်ရည်မှာ ကျဆင်းသွားခြင်း မရှိ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

ဝါရင့်ကစားသမား ရိုင်ယန်ဂစ်။

ယ နေ့ သ တ င်း အ ညွှ န်း

❝ လှိုင်လင်ခရိုင် ပင်လုံမြေရှိ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ပထမအကြိမ်အဖြစ် တပို့တွဲလပြည့်နေ့က စည်းလုံးညီညွတ်စွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ ❞

ရတနာစည်ဆရာတော်(လှိုင်လင်) ၏

“ပြည်ထောင်စုကောင်းမှု”

စာမျက်နှာ - ၅

(၆၄)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲ၌ ဗြိတိသျှပေါ့ပ်အဆိုတော် အဒီးလီ ဆုခြောက်ဆု ဆွတ်ခူး

အနုပညာသတင်း စာမျက်နှာ - ၁၀